စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်
United Nationalities Alliance

# တရုတ်နိုင်ငံ က လာရောက် ရင်းနှီးမြှုပ်နှံသည့် စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်၍ စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်(UNA)၏ သဘောထားထုတ်ပြန်ကြေညာချက်

၂၀၂၀ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်

စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်(UNA)သည် ဖက်ဒရယ်စနစ်ကို အထောက်အကူပြုသည့် စီးပွားရေးရင်းနှီးမြှုပ်နှံမှုများကို အကောင်းမြင်ကြိုဆိုပါသည်။ တစ်ပြိုင်တည်းတွင် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဂေဟစနစ်ကို ထိခိုက်ခြင်း မရှိသောရင်းနှီးမြှုပ်နှံမှုများဖြစ်စေရန်လည်း စဥ်ဆက်မပြတ်တိုက်တွန်း တောင်းဆိုခဲ့ပါသည်။

မိမိတို့သည် ပြီးခဲ့သည့် ဒီဇင်ဘာလတွင် စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် အခြားပညာရပ်ဆိုင်ရာကျွမ်းကျင်သူပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးကာ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအား လေ့လာသုံးသပ်၍ ဤအမြင်သဘောထား ကြေညာချက်ကို ထုတ်ပြန်လိုက်ပါသည်။

(၁) ပြည်ထောင်စုမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်သည်ဖြစ်၍ ဒေသအတွင်းနေထိုင်သော နိုင်ငံသားများ၏ သဘောတူညီမှုများ၊ လူထုအားကိုယ်စားပြုသည့် နိုင်ငံရေးပါတီများ၏ သဘောတူညီမှုများမရရှိပါက ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများသည် လူထု၏ အကျိုးစီးပွားများကို ဆောင်ကြဉ်းနိုင်မည်မဟုတ်ပါ။ သို့ဖြစ်ပါ၍ အနိမ့်ဆုံး အားဖြင့် စီမံကိန်းများ စတင်စီစဥ်ချိန်မှစ၍ ဒေသခံလူထုနှင့် လူထုကိုယ်စားပြု နိုင်ငံရေးပါတီတို့၏ သဘောထားများ ရယူရမည်။

(၂) ပြည်ထောင်စုအကျိုးစီးပွားအတွက် ရည်ရွယ်လုပ်ဆောင်သည့် စီမံကိန်းများသည် လူထုတစ်ရပ်လုံးက သဘောထားမှတ်ချက်များ ချမှတ်ပေးပို့နိုင်ရန် ရှင်းလင်းမြင်သာ ကျယ်ပြန့်စွာ ထုတ်ပြန်ကြေညာပေးရမည်။

(၃) စီမံကိန်းလုပ်ဆောင်မည့်သူများနှင့် သက်ဆိုင်ရာအစိုးရအဖွဲ့အစည်းများသည် စီမံကိန်းနယ်ပယ်အတွင်းရှိ လူထု၏ သဘောတူညီချက်များအား တောင်းဆိုရန်နှင့် သဘောတူညီချက်မရရှိပါက လုံးဝလုပ်ကိုင်ခြင်းမပြုလုပ်ရန် လိုအပ်သည်။

(၄) သဘာဝပတ်ဝန်းကျင်နှင့် လူမှုစိန်ခေါ်ချက်များအား ဖြန့်ဖြေပေးနိုင်မည့် ယန္တရားများ၊ ဥပဒေများနှင့် နည်းဥပဒေများ ထားရှိပြီးမှသာ စီမံကိန်းများ လက်ခံဆောင်ရွက်ရန် လိုအပ်သည်။

(၅) စီမံကိန်းလုပ်ငန်း စဉ်စားတွက်ဆခြင်း၊ အတည်ပြုခြင်းနှင့် ကွင်းဆင်းလေ့လာခြင်းများ၊ စမ်းသပ်ချက်များ ပြုလုပ်သည့်အဆင့်တိုင်းတွင် သက်ဆိုင်ရာနိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် ပြည်သူလူထု၏ သဘောထားမှတ်ချက်၊ သဘောတူညီချက်များရယူရန် လိုအပ်ကြောင်း ကြေညာအပ်ပါသည်။

စည်းလုံးညီညွတ်သောတိုင်းရင်းသားလူမျိုးများမဟာမိတ်(UNA)

ဆက်သွယ်ရန် – စိုင်းလိတ် ၀၉ ၅၀၆၅၈၉၈

– မျိုးကျော် ၀၉ ၅၁၄၃၈၂၃